စိတ်ကူးချိုချိုအနုပညာ

mgyoe.com

ကုမ္ပဏီများ ဖွဲ့စည်းရေးကိစ္စ၊ စီမံခန့်ခွဲရေးကိစ္စ၊
မတည်ရင်းနှီးငွေအတွက် အစုရှယ်ယာများ ထုတ်ဝေရေးကိစ္စ၊
အစုရှယ်ယာများကို အစုရှယ်ယာဈေးကွက်တွင်
ရောင်းဝယ်ဖောက်ကားရေးကိစ္စများ၏ အခြေခံသဘော။

# ကုမ္ပဏီအကြောင်း၊ ရှယ်ယာအကြောင်း

မောင်ဘို(မြန်အောင်)



mgyoe.com



မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်
အထူးကုမ္ပဏီအက်ဥပဒေတို့အရ
မည်ကဲ့သို့သော စည်းမျဉ်းစည်းကမ်းများ
သတ်မှတ်ထားသည်ကို သိရှိစေရန်လည်းကောင်း၊
မြန်မာနိုင်ငံ၌ ကုမ္ပဏီများဖွဲ့စည်းတည်ထောင်ကြရာတွင်
အများပိုင်ကုမ္ပဏီ(Public Company)များဖွဲ့စည်းမှုနည်းပါးနေသေးသဖြင့်
ဈေးကွက်စီးပွားရေး ဖွံ့ဖြိုးပြီးပြင်နေသော နိုင်ငံများကဲ့သို့
အများပိုင်ကုမ္ပဏီများ ပိုမိုဖွဲ့စည်းဖြစ်ပေါ်စေလိုသော ဆန္ဒဖြင့်လည်းကောင်း၊
ကုမ္ပဏီအဖွဲ့အစည်းများတွင် လိုအပ်သော အရင်းအနှီးများရှာဖွေစုဆောင်းကြရာတွင်
ဘဏ်ချေးငွေကိုသာ အားကိုးမနေသင့်ဘဲ
အရင်းအနှီးဈေးကွက်(Capital Market)တွင်
အရင်းအနှီးရှာဖွေစုဆောင်းနိုင်ပုံများကို သိရှိစေလိုသောဆန္ဒဖြင့်လည်းကောင်း၊
အရင်းအနှီးဈေးကွက်ဖြစ်သည့်
စတော့ရှယ်ယာရောင်းဝယ်ရေးဒိုင်(Stock Exchange)များ
မြန်မာနိုင်ငံတွင် ပေါ်ပေါက်လာပြီး
ဈေးကွက်စီးပွားရေးစနစ် ပိုမိုတိုးတက်ဖွံ့ဖြိုးလာစေရန်
တွန်းအားပေးလိုသော ဆန္ဒဖြင့်လည်းကောင်း၊
ဤစာအုပ်ကို ရေးသားတင်ပြရခြင်းဖြစ်ပါကြောင်း။ ။

mb0001

1000.00 Ks

mgyee.com

mgyoe.com

ကလျာဏီအကြောင်း၊ ရှမ်းမလေးအကြောင်း

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၁၁၅၂၀၀၇ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၀၉၀၀၁၀၈ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို **ဂ.ဒ.ဝ** ပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ-၅၀၀ ရိုက်နှိပ်ကာ ၂၀၀၈၊ မတ်လတွင် တန်ဖိုး ၁၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - ကိုမြင့်

mgyoe.com

mgyoe.com



# မာတိကာ

- စာရေးသူအမှာ

အခန်း(၁) ၁
ဖွဲ့စည်းခြင်းနှင့်ကုမ္ပဏီအမျိုးအစား

အခန်း(၂) ၉
ဖွဲ့စည်းအုပ်ချုပ်ပုံ

အခန်း(၃) ၁၇
အထွေထွေအစည်းအဝေးများ

အခန်း(၄) ၂၇
အစုရှယ်ယာ

အခန်း(၅) ၃၇
ကုမ္ပဏီ၏ငွေစာရင်းများ

အခန်း(၆) ၄၁
စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

အခန်း(၇) ၅၇
အများပိုင်ကုမ္ပဏီလုပ်ငန်းများ

အခန်း(၈) ၆၁
အထူးကုမ္ပဏီအက်ဥပဒေ

mgyoe.com

mgyoe.com

**အခန်း(၉)** ၆၃
အစုရှယ်ယာ အရောင်းအဝယ်ဈေးကွက် –

**နောက်ဆက်တွဲ(က)** ၇၅
ကုမ္ပဏီများမှတ်ပုံတင်ရုံးနှင့် ဆက်သွယ်
ဆောင်ရွက်ရမည့်ကိစ္စများ အကျဉ်းချုပ်

mgyoe.com

mgyoe.com

## စာရေးသူ၏အမှာ

မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်က စီးပွားရေးဦးတည်ချက် (၄) ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ စီးပွားရေးဦးတည်ချက်များတွင် **"ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး"** ဟူသော ဦးတည်ချက်တစ်ရပ်ပါဝင်ပါသည်။

ဈေးကွက်စီးပွားရေးစနစ်အရ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကြရာတွင် ကုမ္ပဏီခေါ် စီးပွားရေးအဖွဲ့အစည်းများဖွဲ့စည်းပြီး လုပ်ကိုင်လျက်ရှိကြရာ၊ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေးအတွက် ကုမ္ပဏီဖွဲ့စည်းမှုများ ပီပြင်စွာဖြစ်ပေါ်ရေး၊ ကုမ္ပဏီစီမံခန့်ခွဲမှုများ စနစ်တကျ ပီပီပြင်ပြင်ရှိရေးနှင့် ကုမ္ပဏီများက အရင်းအနှီးများ ရှာဖွေစုဆောင်းကြရာတွင် တွင်တွင်ကျယ်ကျယ်၊ ပီပီပြင်ပြင်ဖြစ်ပေါ်ရေး စသည့်အချက်များ ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီများ ဖွဲ့စည်းရေးကိစ္စ၊ ကုမ္ပဏီများ စီမံခန့်ခွဲရေးကိစ္စ၊ ကုမ္ပဏီများတွင် မတည်ရင်းနှီးငွေအတွက် အစုရှယ်ယာများ ထုတ်ဝေရေးကိစ္စ၊ ကုမ္ပဏီများ၏ အစုရှယ်ယာများကို အစုရှယ်ယာဈေးကွက်တွင် ရောင်းဝယ်ဖောက်ကားရေးကိစ္စများကို အခြေခံသဘောအရ သိရှိစေရန်နှင့် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့် အထူးကုမ္ပဏီအက်ဥပဒေတို့အရ မည်ကဲ့သို့သော စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ထားသည်ကို သိရှိစေလိုသော ဆန္ဒဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံတွင် ကုမ္ပဏီများဖွဲ့စည်းတည်ထောင်ကြရာတွင် အများပိုင်ကုမ္ပဏီ (Public Company) များ ဖွဲ့စည်းမှုနည်းပါးနေသေးသဖြင့် ဈေးကွက်စီးပွားရေး ဖွံ့ဖြိုးပီပြင်နေသော နိုင်ငံများကဲ့သို့ အများပိုင်

mgyoe.com

mgyoe.com

ကုမ္ပဏီများ ပိုမိုဖွံ့ဖြိုးစည်းဖြစ်ပေါ်စေလိုသော ဆန္ဒဖြင့်လည်းကောင်း၊ ကုမ္ပဏီအဖွဲ့အစည်းများတွင် လိုအပ်သော အရင်းအနှီးများရှာဖွေစုဆောင်းကြရာတွင် ဘဏ်ချေးငွေကိုသာ အားကိုးမနေသင့်ဘဲ အရင်းအနှီးဈေးကွက် (Capital Market) တွင် အရင်းအနှီးရှာဖွေစုဆောင်းနိုင်ပုံများကို သိရှိစေလိုသော ဆန္ဒဖြင့်လည်းကောင်း၊ အရင်းအနှီးဈေးကွက်ဖြစ်သည့် စတော့ရှယ်ယာရောင်းဝယ်ရေးဒိုင် (Stock Exchange) များ မြန်မာနိုင်ငံတွင် ပေါ်ပေါက်လာပြီး ဈေးကွက်စီးပွားရေးစနစ် ပိုမိုတိုးတက်ဖွံ့ဖြိုးလာစေရန် တွန်းအားပေးလိုသော ဆန္ဒဖြင့်လည်းကောင်း၊ ဤကုမ္ပဏီအကြောင်း၊ ရှယ်ယာအကြောင်း စာအုပ်ကို ရေးသားတင်ပြရခြင်းဖြစ်ပါကြောင်း။

*မောင်ဘို(မြန်အောင်)*
*၂၀၀၇ ခုနှစ်*

mgyoe.com

mgyoe.com

# ကုမ္ပဏီအကြောင်း ရှယ်ယာအကြောင်း

## အခန်း(၁)

## ဖွဲ့စည်းခြင်းနှင့်ကုမ္ပဏီအမျိုးအစား

မြန်မာနိုင်ငံတွင် ၁၉၈၉-၉၀ ခုနှစ်ကာလမှစ၍ ဈေးကွက်စီးပွားရေးစနစ် (Market Economy) ကို ပြန်လည်ကျင့်သုံးခဲ့ရာ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ကြရန် ကုမ္ပဏီများ အများအပြား ဖွဲ့စည်းပေါ်ပေါက်လာခဲ့ပြီး ယခုအခါတွင် ကုမ္ပဏီများ ရာထောင်ချီ၍ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြပါသည်။ လူအတော်များများသည် ကုမ္ပဏီများနှင့် ဆက်ဆံဆောင်ရွက်နေကြသော်လည်း ကုမ္ပဏီအကြောင်း သေချာစွာသိရှိသူ နည်းလှပါသည်။ အထူးသဖြင့် ကုမ္ပဏီများကို မည်ကဲ့သို့ ဖွဲ့စည်းထားသည်၊ ကုမ္ပဏီအမျိုးအစား ဘယ်နှစ်မျိုးရှိသည်၊ ကုမ္ပဏီတစ်ခုကို မည်ကဲ့သို့ စီမံအုပ်ချုပ်ကြသည်၊ ကုမ္ပဏီ၏အစုရှယ်ယာများ မည်ကဲ့သို့လွှဲပြောင်းရောင်းဝယ်ကြသည် စသည်များကို ကောင်းစွာ မသိရှိကြပေ။ သို့ဖြစ်၍ ကုမ္ပဏီအကြောင်းနှင့် ရှယ်ယာအကြောင်း သိကောင်းစရာများကို တင်ပြသွားလိုပါသည်။

### ကုမ္ပဏီများဖွဲ့စည်းခြင်း

လက်ရှိ မြန်မာနိုင်ငံတွင်ရှိသော ကုမ္ပဏီများကို ဖွဲ့စည်းရာတွင် ၁၉၁၄ ခုနှစ်က ပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ (Myanmar

mgyoe.com

mgyoe.com


Companies Act) အရ ကုမ္ပဏီများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်၍ ဖွဲ့စည်းရသည်။ မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေကို ခေတ်အဆက်ဆက် ပြင်ဆင်သည့် ဥပဒေများထွက်ပေါ်ခဲ့ရာ ၁၉၅၅-ခုနှစ်တွင် ပြင်ဆင်သည့် အက်ဥပဒေအမှတ် ၂၃/၅၅ ဖြင့် လည်းကောင်း၊ ၁၉၅၉-ခုနှစ်တွင် ပြင်ဆင်သည့် အက်ဥပဒေအမှတ် ၄၈/၅၉ ဖြင့်လည်းကောင်း၊ ၁၉၈၉-ခုနှစ်တွင် ပြင်ဆင်သည့် ဥပဒေအမှတ် ၂/၈၉ ဖြင့်လည်းကောင်း၊ ၁၉၉၁-ခုနှစ်တွင် ပြင်ဆင်သည့် ဥပဒေအမှတ် ၂/၉၁ ဖြင့်လည်းကောင်း အကြိမ်ကြိမ် ပြင်ဆင်ခဲ့ပါသည်။

ကုမ္ပဏီဖွဲ့စည်းရာတွင် ကုမ္ပဏီဖွဲ့စည်းရေးအတွက် စတင် အစုငွေထည့်ဝင်သူများက လက်မှတ်ရေးထိုးထားသည့် စာတမ်း၂-စောင်ကို ဥပဒေအကျိုးဆောင်တစ်ဦးက ထပ်ဆင့်လက်မှတ်ရေးထိုးပြီး ကုမ္ပဏီများ မှတ်ပုံတင်ရုံးတွင် တင်ပြ၍ မှတ်ပုံတင်ရသည်။ ၎င်းစာတမ်း၂-စောင်မှာ သင်းဖွဲ့မှတ်တမ်း (Memorandum of Association) နှင့်သင်းဖွဲ့စည်းမျဉ်း (Articles of Association) တို့ ဖြစ်ကြပါသည်။

သင်းဖွဲ့မှတ်တမ်း (Memorandum of Association) တွင် ကုမ္ပဏီ၏ အမည်၊ ကုမ္ပဏီ၏လိပ်စာ၊ ကုမ္ပဏီ၏ရည်ရွယ်ချက်ဖြစ်သော ဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းများ၊ အစုရှယ်ယာများ၏ ပေးရန်တာဝန်ကို ကန့်သတ်မှု (Limitation) ဖော်ပြချက် (သို့ဖြစ်၍ အဆိုပါကုမ္ပဏီနာမည်၏ နောက်တွင် Limited ဟု ဖော်ပြရသည်) မတည်အစုငွေရင်း (Share Capital) နှင့် အစုတစ်စုတန်ဖိုး မည်သို့သတ်မှတ်ထားကြောင်း ဖော်ပြရမည့်အပြင် ပါဝင်သော အစုရှင်တစ်ဦးစီ၏ အမည်နှင့်ယှဉ်တွဲ၍ အစုရှယ်ယာ မည်မျှပိုင်ဆိုင်ကြောင်း ဖော်ပြထားရမည်ဖြစ်ပြီး အစုဝင်များက လက်မှတ်ရေးထိုးထားရမည်။

သင်းဖွဲ့စည်းမျဉ်း (Articles of Association) သည် Private ကုမ္ပဏီဖြစ်ပါက အစုရှယ်ယာရှင်များအရေးအတွက် သတ်မှတ်ချက်နှင့် အစုရှယ်ယာနှင့်ပတ်သက်သော ကန့်သတ်ချက်များ ဖော်ပြချက်၊ ကုမ္ပဏီ၏ မတည်ရင်းနှီးငွေ၊ အစုရှယ်ယာတန်ဖိုး၊ ကုမ္ပဏီ၏ ပထမဒါရိုက်တာများစာရင်း၊ ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များ၊ အထွေထွေအစည်းအဝေး (General Meeting) ကျင်းပရမည့်သတ်မှတ်ချက်များ၊ အမြတ်ဝေစု ခွဲဝေရေးကိစ္စများ၊ ရုံးဝန်ထမ်းများ ခန့်အပ်ရေးကိစ္စများ၊ ငွေစာရင်းထားရှိရေးကိစ္စ၊ စာရင်းစစ်များခန့်ထားရေးကိစ္စ၊ ကုမ္ပဏီတံဆိပ်တုံးအသုံးပြုပုံ၊ ကုမ္ပဏီဖျက်သိမ်းခြင်းစသည့်

mgyoe.com

mgyoe.com

စည်းမျဉ်းစည်းကမ်းများ ဖော်ပြထားသော စာတမ်းဖြစ်ပါသည်။

**ကုမ္ပဏီအမျိုးအစား**

ကုမ္ပဏီအမျိုးအစား (၂) မျိုး ရှိပါသည်။ ပထမအမျိုးအစားမှာ အများနှင့်မဆိုင်သောကုမ္ပဏီ (Private Company) ဖြစ်ပြီး နောက်တစ်မျိုးမှာ အများနှင့်ဆိုင်သောကုမ္ပဏီ (Public Company) တို့ ဖြစ်ကြပါသည်။ အများနှင့်မဆိုင်သောကုမ္ပဏီ (Private Company) ကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ (၂) ပုဒ်မခွဲ (၁၃) အရ "သင်းဖွဲ့စည်းမျဉ်းဖြင့် ကုမ္ပဏီ၏အစုရှယ်ယာများကို လွှဲပြောင်းခွင့် ကန့်သတ်ထားခြင်း၊ ကုမ္ပဏီတွင်ပါဝင်ခွင့်ရှိသော အစုရှင်အရေအတွက်ကို (၅၀) ဦးအထိ ကန့်သတ်ထားခြင်း၊ အစုရှယ်ယာထည့်ဝင်ရေးအတွက် အများပြည်သူသို့ နှိုးဆော်ခြင်းကို တားမြစ်ထားခြင်း" စသည့် သတ်မှတ်ချက်များရှိသည့် ကုမ္ပဏီကို ဆိုလိုသည်ဟု ဖော်ပြထားပါသည်။ တစ်နည်းအားဖြင့် (Private Company) ဆိုသည်မှာ အစုရှယ်ယာရှင် (၅၀) ဦးအထိသာ ပါဝင်ခွင့်ရှိသော၊ အစုရှယ်ယာများကို လွှဲပြောင်းပေးခွင့်မရှိသော၊ အစုရှယ်ယာထည့်ဝင်ရေးအတွက် အများပြည်သူတို့ ထုတ်ပြန်ကြေညာခွင့်မရှိသောကုမ္ပဏီကို ဆိုလိုပါသည်။

အများနှင့်ဆိုင်သောကုမ္ပဏီ (Public Company) ကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ-၂၊ ပုဒ်မခွဲ-(၁၃)(က) တွင် (Public Company) ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းထားသော ကုမ္ပဏီဖြစ်ပြီး (Private Company) မဟုတ်သည့် ကုမ္ပဏီဟု ဖွင့်ဆိုထားပါသည်။ ဆိုလိုသည်မှာ အစုရှယ်ယာဝင်အရေအတွက် ကန့်သတ်ထားခြင်းမရှိသဖြင့် အစုရှယ်ယာဝင် (၅၀) ဦးထက် ပိုမိုပါဝင်နိုင်သော၊ အစုရှယ်ယာလွှဲပြောင်းခွင့်ရှိသော၊ ကုမ္ပဏီ၏ရှယ်ယာများ ထည့်ဝင်ရေးအတွက် အများပြည်သူသို့ နှိုးဆော်ခွင့်ရှိသောကုမ္ပဏီဖြစ်သည်။

မြန်မာနိုင်ငံတွင် ဖွဲ့စည်းထားသော ကုမ္ပဏီအများစုမှာ အများနှင့်မဆိုင်သောကုမ္ပဏီ (Private Company) များသာဖြစ်သည်။ အများနှင့်ဆိုင်သောကုမ္ပဏီ (Public Company) ဖွဲ့စည်းထားမှု မြန်မာနိုင်ငံတွင် အလွန်နည်းသေးသည်။ ယခင်ကပေါ်ပေါက်ခဲ့ဖူးသော ဖက်စပ်-၁၊ ဖက်စပ်-၂ စသည့် ဖက်စပ်ကုမ္ပဏီများသည် (Public Company) ပုံစံဖြင့် ဖွဲ့စည်းထားသည့်

mgyoe.com

mgyoe.com

ကုမ္ပဏီများဖြစ်ကြသည်။ ယခုအခါ ၎င်းဖက်စပ်ကုမ္ပဏီများ ဖျက်သိမ်း ပြီးဖြစ်သည်။ သစ်တောဖက်စပ်ကုမ္ပဏီတစ်ခုသာ ကျန်သည်။ အခြား (Public Company) များမှာ (F.M.I) ကုမ္ပဏီ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီ၊ ပထမပုဂ္ဂလိကဘဏ်စသည်တို့ ဖြစ်ကြပါသည်။

## အစုရှယ်ယာဈေးကွက်ဝင်ခွင့်ရသောကုမ္ပဏီ

ဈေးကွက်စီးပွားရေးစနစ် ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများတွင် ကုမ္ပဏီပိုင်အစုရှယ်ယာများကို အလဲအလှယ်ပြုလုပ်ရောင်းချသည့် အစုရှယ်ယာဈေးကွက် (Stock Exchange) များ အသီးသီးရှိကြပါသည်။ ဥပမာ New York Stock Exchange, London Stock Exchange, Tokyo Stock Exchange စသည်များသည် သက်ဆိုင်ရာနိုင်ငံများ၏ ကုမ္ပဏီများအတွက် အစုရှယ်ယာများကို ရောင်းဝယ်ကြသည့်နေရာများဖြစ်သည်။ ထိုကဲ့သို့သော အစုရှယ်ယာဈေးကွက် (Stock Exchange) များတွင် Public Company များသာ ပါဝင်ခွင့်ရရှိပြီး အဆိုပါကုမ္ပဏီများကို ၎င်းရှယ်ယာဈေးကွက်၏ Listed Company များဟု ခေါ်ဝေါ်ကြပါသည်။

## မြန်မာနိုင်ငံအစုရှယ်ယာဈေးကွက်အခြေအနေ

မြန်မာနိုင်ငံတွင် Public Company များ နည်းပါးနေသေးသဖြင့် အစုရှယ်ယာဈေးကွက် (Stock Exchange) မပေါ်ပေါက်သေးပါ။ ဖက်စပ်-၁၊ ဖက်စပ်-၂ စသည့် ဖက်စပ်ကုမ္ပဏီများ (၉) ခုအထိ ဖွဲ့စည်းပြီးသောအခါတွင် ဖက်စပ်ကုမ္ပဏီများအပါအဝင် သစ်တောဖက်စပ်၊ F.M.I Company စသည့် ကုမ္ပဏီများအပါအဝင် Public Company များ (၁၀) ခုကျော်ရှိလာသဖြင့် ရှယ်ယာရောင်းဝယ်ရေးကိစ္စများ၊ ရှယ်ယာဈေးကွက် စတင်ဖွဲ့စည်းနိုင်ရေး ကိစ္စများနှင့်ပတ်သက်ပြီး ဂျပန်နိုင်ငံ Daiwa Institute of Research မှ မြန်မာနိုင်ငံရှိ Public Company များကို လာရောက်လေ့လာစိစစ်ခဲ့ကြောင်း သိရှိရပါသည်။ ထို့နောက် Daiwa Institute မှ ပုဂ္ဂိုလ်များနှင့် မြန်မာ့စီးပွားရေးဘဏ်မှ တာဝန်ရှိသူများ ပူးပေါင်းညှိနှိုင်း၍ Myanmar Securities Exchange Centre Co., Ltd (MSEC) ကို ဖွဲ့စည်းခဲ့ပါသည်။ ၎င်း (MSEC) သည် ယခုအခါ Public Company များ၏ ရှယ်ယာရောင်းဝယ်ရေးကိစ္စများကို ဆောင်ရွက်

mgyoe.com

ပေးနေကြောင်း သိရပါသည်။ Public Company အများအပြား မပေါ်သေး သဖြင့် ရှယ်ယာဈေးကွက်ကိုမူ မဖွင့်လှစ်နိုင်သေးကြောင်း သိရပါသည်။

ဈေးကွက်စီးပွားရေးစနစ် ဖွံ့ဖြိုးပြီးသော နိုင်ငံများတွင် Public Company အများအပြားပေါ်ပေါက်နေပြီး အစုရှယ်ယာဈေးကွက်တွင် အစုရှယ်ယာများ ရောင်းဝယ်ခြင်း၊ မိမိကုမ္ပဏီကို လုပ်ငန်းများတိုးချဲ့ရန်အတွက် ငွေကြေးအရင်းအနှီး လိုအပ်လာသည့်အခါ Public Company များအနေဖြင့် အစုရှယ်ယာဈေးကွက်တွင် ရှယ်ယာများ၊ Debenture ခေါ် ကြွေးမြီခံဝန်ချုပ် များကိုကြော်ငြာ၍ရောင်းချခြင်းဖြင့် ငွေကြေးအရင်းအနှီးများ ရှာဖွေစုဆောင်း နိုင်ကြပါသည်။ သို့ဖြစ်၍ ဤသို့ဆောင်ရွက်မှုများသည် ငွေကြေးအရင်းအနှီး ဈေးကွက် (Capital Market) တွင် ငွေကြေးအရင်းအနှီး ရှာဖွေစုဆောင်းခြင်း ဖြစ်သည်။

## မိသားစုပိုင်ကုမ္ပဏီ

Market Economy သို့မဟုတ် Market Oriented Economy ခေါ် ဈေးကွက် စီးပွားရေးစနစ်ကျင့်သုံးလာကြသောအခါတွင် ပုဂ္ဂလိက စီးပွား ရေးလုပ်ငန်းများဆောင်ရွက်ကြရန် ကုမ္ပဏီအဖွဲ့အစည်းများပေါ်ပေါက်လာ ကြသည်။ မြန်မာနိုင်ငံတွင် ယခုလတ်တလောပေါ်ပေါက်နေသော ကုမ္ပဏီများ မှာ Private company များသာလျှင် ဖြစ်သည်။ Private Company ဆိုသည်မှာ သူဌေးတစ်ဦး (သို့မဟုတ်) သူဌေးမိသားစုတစ်စုက တည်ထောင်ထားသော၊ အစုရှယ်ယာဝင်ထားသောကုမ္ပဏီဖြစ်သည်။ တစ်နည်းအားဖြင့် သူဌေး၊ သူဌေးကတော်နှင့် သားသမီးများ ရှယ်ယာဝင်ထားသော ရှယ်ယာပိုင်ဆိုင် ထားသော ကုမ္ပဏီဖြစ်သည်။ အချို့ Private Company များတွင် သူဌေးနှင့် အပေါင်းအသင်းတစ်စု (သို့မဟုတ်) ဆွေးမျိုးတစ်ခု အစုရှယ်ယာ ထည့်ဝင် တည်ထောင်ထားသော မိသားစုပိုင်ကုမ္ပဏီဖြစ်သည်။ တိတိကျကျ ပြောရလျှင် အစုရှယ်ယာဝင် (၂) ဦးမှ (၅၀)ဦးအထိသာ ဝင်ရောက်ခွင့်ရှိသော ကုမ္ပဏီ၊ အစုရှယ်ယာများကို လွှဲပြောင်းရောင်းချခွင့်မရှိသော ကုမ္ပဏီဖြစ် သည်။ ထို့အပြင် Stock Exchange ခေါ် စတော့ရှယ်ယာဈေးကွက်တွင် ပါဝင် ရောင်းချခွင့်မရှိသော ကုမ္ပဏီလည်းဖြစ်သည်။

mgyoe.com

mgyoe.com

**အများပိုင်ကုမ္ပဏီ**

Public Company ခေါ် အများနှင့်ဆိုင်သောကုမ္ပဏီ (သို့မဟုတ်) အများပိုင် ကုမ္ပဏီမှာ ထိုသို့မဟုတ်ပေ။ အစုရှယ်ယာရှင်အရေအတွက် အကန့်အသတ်မရှိ ဝင်ရောက်ခွင့်ရှိသည်။ အစုရှယ်ယာများကို လွှဲပြောင်းရောင်းချခွင့်ရှိသည်။ ကုမ္ပဏီမှ အစုရှယ်ယာများထုတ်ဝေရန်အတွက် အများပြည်သူသို့ နှိုးဆော်ခွင့်ရှိသည်။ Stock Exchange ခေါ် စတော့ရှယ်ယာဈေးကွက်တွင် ပါဝင်ရောင်းချခွင့်ရှိသော ကုမ္ပဏီမျိုးဖြစ်သည်။ မြန်မာနိုင်ငံတွင် တစ်ချိန်က ပေါ်ပေါက်ခဲ့သော ဖက်စပ်-၁၊ ဖက်စပ်-၂၊ ဖက်စပ်-၃ စသော ဖက်စပ်ကုမ္ပဏီများသည် အများပိုင်ကုမ္ပဏီ (သို့မဟုတ်) အများနှင့်ဆိုင်သော ကုမ္ပဏီ (Public Company) များ ဖြစ်သည်။ ယခုရှိနေသော သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်း၊ First Myanmar Investment Company၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စု (National Delopment Company Group Ltd)၊ မြန်မာသတင်းအချက်အလက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်း (MICTDC) ပထမ ပုဂ္ဂလိကဘဏ်လီမိတက်၊ မြန်မာနိုင်ငံသားများဘဏ် စသည်တို့သည် လက်ရှိ လူသိများသော Public Company များ ဖြစ်ကြပါသည်။

ဈေးကွက်စီးပွားရေးစနစ် ဖွံ့ဖြိုးတိုးတက်ပြီး စီးပွားရေးလုပ်ငန်းများတွင်ကျယ်စွာလုပ်ကိုင်နေသော နိုင်ငံကြီးများဖြစ်ကြသည့် အမေရိက၊ အင်္ဂလန်၊ ဂျပန်၊ တောင်ကိုရီးယား စသော နိုင်ငံများရှိ လူသိများသော နာမည်ကြီး ကုမ္ပဏီများသည် Public Company များဖြစ်ကြသည်။ ဥပမာအားဖြင့် Microsoft ကုမ္ပဏီ၊ British Airway လေကြောင်းကုမ္ပဏီ၊ Hong Kong and Shanghai Banking Corporation (HSBC) ခေါ် ဗြိတိသျှဘဏ်လုပ်ငန်း၊ Toyota, Nissan, Honda စသော ကားကုမ္ပဏီကြီးများ၊ Toshiba, Sony, Daewoo, Sam Sung စသော လျှပ်စစ်ကုမ္ပဏီကြီးများသည် Public Company များ ဖြစ်ကြသည်။ အင်္ဂလန်နိုင်ငံရှိ ကမ္ဘာကျော်ဘောလုံးအသင်း Manchester United အသင်းသည် Public Company တစ်ခုဖြစ်သည်။ ရှယ်ယာအရောင်းအဝယ်လုပ်ငန်းများ ထွန်းကားတွင်ကျယ်နေသော အင်္ဂလန်နိုင်ငံတွင် ရှယ်ယာဈေးကွက်တွင် ကြိုက်ဈေးပေး၍ ရှယ်ယာများ ဝယ်နိုင်ကြသဖြင့် Manchester United အသင်းပိုင်**ရှယ်ယာအများအပြားကို ဝယ်**ယူခဲ့ကြရာ အမေရိကန်

mgyoe.com

mgyoe.com

သူဌေး ဂလေဇာမိသားစုက Manchester United ရှယ်ယာအများစုကို ပိုင်ဆိုင်ထားပြီဖြစ်သည်။ အလားတူပင် အင်္ဂလန်နိုင်ငံ Chelsea ဘောလုံးအသင်းသည်လည်း အများပိုင်ကုမ္ပဏီတစ်ခုဖြစ်ရာ ရုရှသူဌေး အေဗရာမိုဗစ်(ချ်)က ရှယ်ယာအများစုကို ပိုင်ဆိုင်ထားကြောင်း သိရှိရပါသည်။

●

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အခန်း(၂)
# ဖွဲ့စည်းအုပ်ချုပ်ပုံ

**ကုမ္ပဏီများဖွဲ့စည်းအုပ်ချုပ်ပုံစနစ်**

ကုမ္ပဏီများဖွဲ့စည်းအုပ်ချုပ်ပုံမှာ ကုမ္ပဏီများ အက်ဥပဒေအရ ဖြစ်သည်။ မြန်မာနိုင်ငံရှိ ကုမ္ပဏီများကို မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်ပြီး အုပ်ချုပ်ပုံသည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနလက်အောက်ရှိ ကုမ္ပဏီများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသော ကုမ္ပဏီ၏ Articles of Association ခေါ် သင်းဖွဲ့စည်းမျဉ်းပါအတိုင်း ဖြစ်သည်။ ကုမ္ပဏီများဖွဲ့စည်းရာတွင် စာတမ်း(၂)စောင်ဖြစ်သော သင်းဖွဲ့မှတ်တမ်း (Memorandum of Association) နှင့် သင်းဖွဲ့စည်းမျဉ်း (Articles of Association) စာတမ်း (၂) ခုကို ကုမ္ပဏီမှတ်ပုံတင်ရုံးသို့ တင်ပြ မှတ်ပုံတင်ပြီးမှ ကုမ္ပဏီဖွဲ့ရကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

သင်းဖွဲ့စည်းမျဉ်းပါ အချက်အလက်များကို မိမိသဘောဖြင့် ကြိုက်သလို ရေးဆွဲ၍မရပေ။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၁၇ ပုဒ်မခွဲ (၂)တွင် သတ်မှတ်ထားသည့်အတိုင်း သင်းဖွဲ့စည်းမျဉ်းကို ရေးဆွဲရာတွင် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ၏ ပထမစာရင်းဇယား(က) (The First Schedule, Table A) တွင် ဖော်ပြထားသော စည်းမျဉ်းစည်းကမ်းများအတိုင်း အားလုံးကိုသော်လည်းကောင်း တချို့တစ်ဝက်ကိုသော်လည်းကောင်း ထည့်သွင်းဖော်ပြရမည်ဟု ဆိုထားပါသည်။ သို့ရာတွင် အဆိုပါ ပထမစာရင်းဇယား(က)တွင် ဖော်ပြထားသော စည်းမျဉ်း ၅၆၊ ၆၆၊ ၇၁၊ ၇၈၊ ၇၉၊ ၈၀၊ ၈၃

mgyoe.com

mgyoe.com

၈၂၊ ၉၅၊ ၉၇၊ ၁၀၅၊ ၁၀၇၊ ၁၁၂၊ ၁၁၃၊ ၁၁၄၊ ၁၁၅ နှင့် ၁၁၆ တို့ကိုမူ စည်းမျဉ်းပါ မူရင်းစာသားများအတိုင်းဖြစ်စေ၊ တူညီသော အဓိပ္ပာယ်သက်ရောက်သော စာသားများဖြင့်ဖြစ်စေ ဖော်ပြပါရှိရမည်ဟု အတိအလင်းဆိုထားပါသည်။ Private Company များအတွက်ကိုမူ အထက်ပါစည်းမျဉ်း အမှတ် ၇၈ ကို ထည့်သွင်းသတ်မှတ်ရန်မလိုကြောင်း ဖော်ပြထားပါသည်။

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ပထမစာရင်းဇယား(က) (The First schedule Table A) သည် အစုအားဖြင့် တာဝန်ကန့်သတ်ထားသော ကုမ္ပဏီများကို ကြီးကြပ်ဆောင်ရွက်ရန် စည်းမျဉ်းသတ်မှတ်ချက်များဖြစ်ရာ၊ ကုမ္ပဏီများဖွဲ့စည်းရာတွင် ရေးဆွဲတင်ပြရသော သင်းဖွဲ့စည်းမျဉ်း (Articles of Association) ကို ရေးဆွဲရာတွင် အခြေခံရသော စည်းမျဉ်းစည်းကမ်းများဖြစ်ပါသည်။ ကုမ္ပဏီများ လုပ်ငန်းဆောင်ရွက်ပုံ စည်းမျဉ်းစည်းကမ်းများဖြစ်သော အစုရှယ်ယာကိစ္စများ၊ ကုမ္ပဏီအစည်းအဝေးများ ကျင်းပပုံကိစ္စများ၊ အစုရှင်များမဲပေးပုံ (Votes of Members) ဒါရိုက်တာလူကြီးများ ရွေးချယ်ရေးနှင့် အရည်အချင်းသတ်မှတ်ချက်များ၊ ဒါရိုက်တာလူကြီးများ၏ လုပ်ပိုင်ခွင့်နှင့်တာဝန်များ၊ ဒါရိုက်တာလူကြီးများ အရည်အချင်းပျက်ကွက်မှုများ (Disqualification of Directors) အလှည့်ကျ ဒါရိုက်တာစနစ် (Rotation of Directors)၊ ကုမ္ပဏီတံဆိပ်တုံး (Company Seal) အသုံးပြုပုံ၊ အမြတ်ဝေစုခွဲဝေခြင်း (Dividends)၊ ကုမ္ပဏီ၏ စာရင်းစစ်ဆေးခြင်း (Audit)၊ နို့တစ်စာပေးပို့ပုံနည်းစနစ် (Notices) စသည်များပါဝင်သော လုပ်ထုံးလုပ်နည်း စည်းကမ်းချက်များ ဖြစ်ပါသည်။

## ကုမ္ပဏီလုပ်ငန်းများစတင်ဆောင်ရွက်ခြင်း

အများနှင့်ဆိုင်သော ကုမ္ပဏီ (Public Company) တစ်ခုအနေဖြင့် လုပ်ငန်းများ စတင်ဆောင်ရွက်ခွင့်ရရန်အတွက် အောက်ပါအချက်များကို ဖြည့်ဆည်းဆောင်ရွက်ရန်လိုကြောင်း မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၁၀၃ တွင် ပြဋ္ဌာန်းထားပါသည်။

(က) ထုတ်ဝေထားသော အစုရှယ်ယာများအတွက် ထည့်ဝင်ရန် အနည်းဆုံး သတ်မှတ်ထားငွေများကို Allotment ချထားပေးပြီး ဖြစ်ရမည်။

mgyoe.com

mgyoe.com

(ခ) ဒါရိုက်တာလူကြီးများသည် ၎င်းတို့ယူထားသော အစုရှယ်ယာများအတွက် သတ်မှတ်ထားသောပမာဏအတိုင်း ကုမ္ပဏီသို့ ငွေပေးသွင်းပြီး ဖြစ်ရမည်။

(ဂ) ကုမ္ပဏီ၏ အတွင်းရေးမှူးကဖြစ်စေ၊ ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဦးကဖြစ်စေ သတ်မှတ်ထားသောပုံစံဖြင့် အထက်ပါအခြေအနေများဆောင်ရွက်ပြီးကြောင်း ကုမ္ပဏီမှတ်ပုံတင်ရုံးသို့ ကြေညာချက်တစ်စောင် တင်ပြပြီး ဖြစ်ရမည်။

(ဃ) အစုရှယ်ယာများ ထုတ်ဝေခြင်းအတွက် အများပြည်သူသို့ နိုးဆော်သော လုပ်ငန်းလမ်းညွှန်ချက်စာတမ်း (Prospectus) ကိုသော်လည်းကောင်း၊ (Prospectus) ထုတ်ပြန်ခြင်းမရှိသော ကုမ္ပဏီများအတွက် ၎င်း (Prospectus) အစားထုတ်သည့် ရှင်းတမ်း (Statement in lieu of Prospectus) တစ်စောင်ကိုသော်လည်းကောင်း ကုမ္ပဏီမှတ်ပုံတင်ရုံးသို့ တင်ပြပြီးဖြစ်ရမည်။

ကုမ္ပဏီများ မှတ်ပုံတင်ရုံးမှ အထက်ပါအချက်အလက်များရရှိ၍ စိစစ်ပြီးသည့်အခါ ကုမ္ပဏီလုပ်ငန်းများ စတင်နိုင်ကြောင်း သက်သေခံလက်မှတ်တစ်စောင် ထုတ်ပေးရမည်။ ၎င်းသက်သေခံလက်မှတ်ရရှိမှသာ ကုမ္ပဏီလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ပြီး ကုမ္ပဏီလုပ်ငန်းများအတွက် ငွေချေးငှားခြင်းများကို စတင်ဆောင်ရွက်နိုင်ပါသည်။

အများနှင့်ဆိုင်သော ကုမ္ပဏီ (Public Company) များ ဖွဲ့စည်းတည်ထောင်ပြီး လုပ်ငန်းများ စတင်ဆောင်ရွက်ခွင့်ရှိသောအချိန်မှ (၁) လထက်မစော (၆) လထက်မပိုသော ကာလအတွင်း ဥပဒေအရ အထွေထွေ အစည်းအဝေး (Statutory Meeting) ကို ခေါ်ယူရမည်။ ယင်းအစည်းအဝေးမတိုင်မီ (၂၁) ရက်အလိုတွင် ဒါရိုက်တာများအနေဖြင့် ဥပဒေအရ အစီရင်ခံစာ (Statutory Report) ကို အစုရှယ်ယာဝင်အားလုံးထံ ပေးပို့ရမည်။ ၎င်း (Statutory Report) တွင် အောက်ပါအချက်အလက်များ ပါဝင်ရမည်။

(က) ချထားပေးသော အစုရှယ်ယာ (Alloted Shares) များအတွက် ငွေအကြေပေးသွင်းပြီးကြောင်းနှင့် အချို့အဝက်ပေးသွင်းပြီးမှု အခြေအနေကို ဖော်ပြရန်။

(ခ) ချထားသော ရှယ်ယာများ (Alloted Shares) အတွက် စုစု-

mgyoe.com

mgyoe.com

ပေါင်းရရှိသော ငွေကြေးပမာဏ

(ဂ) ကုမ္ပဏီမှ ရရှိထားသော ရငွေများနှင့် အသုံးစရိတ်များစာရင်း

(ဃ) ကုမ္ပဏီ၏ ဒါရိုက်တာများစာရင်း၊ ကုမ္ပဏီမှခန့်ထားသော စာရင်းစစ်များ၊ မန်နေဂျာများ၊ အတွင်းရေးမှူးများစာရင်း

(င) ချုပ်ဆိုထားသောစာချုပ်စာတမ်းများ

(စ) ချထားပေးသော ရှယ်ယာများအတွက် ငွေပေးသွင်းရန် ကျန်သော ငွေများစာရင်း

(ဆ) ရှယ်ယာရောင်းချခြင်းအတွက် ကော်မရှင်ပေးရငွေများ၊ ပွဲခပေးရငွေများစာရင်း

အများနှင့်ဆိုင်သော ကုမ္ပဏီ (Public Company) တစ်ခုတွင် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ပြီးနောက် ပထမ (၆) လအတွင်း ကုမ္ပဏီ၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို အစုရှယ်ယာဝင်များအားလုံးသို့ တင်ပြရန် ဤဥပဒေအရ အစည်းအဝေး (Statutory Meeting) ကို မလုပ်မနေ လုပ်ရပြီး ဤအစည်းအဝေးမှ သဘောတူဆုံးဖြတ်ချက်များအရ ကုမ္ပဏီလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

## ကုမ္ပဏီဒါရိုက်တာများ

ကုမ္ပဏီတွင် ခန့်အပ်မည့် ဒါရိုက်တာများအရေအတွက်နှင့် ပထမဒါရိုက်တာများ (First Directors) အမည်စာရင်းကို သင်းဖွဲ့မှတ်တမ်း (Memorandum of Association) တွင် အမည်ပါဝင်သည့် အစုရှင်များက ရွေးချယ်သတ်မှတ်ရသည်။ ဒါရိုက်တာများ၏ ချီးမြှင့်ငွေကိုမူ ကုမ္ပဏီ၏ အထွေထွေအစည်းအဝေး (General Meeting) တွင် သတ်မှတ်ရသည်။ ဒါရိုက်တာများ၏ အရည်အချင်းသတ်မှတ်ချက်အနေဖြင့် အနည်းဆုံး ကုမ္ပဏီ၏ အစုရှယ်ယာတစ်စုကို ပိုင်ဆိုင်ရသည်။ သို့ရာတွင် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၈၅ အရ သင်းဖွဲ့စည်းမျဉ်း၌ ဒါရိုက်တာတစ်ဦး၏ အရည်အချင်း သတ်မှတ်ချက်တွင် အစုရှယ်ယာ မည်ရွေ့မည်မျှ ပိုင်ဆိုင်ရမည်ဟု သတ်မှတ်ထားပါက ဒါရိုက်တာတစ်ဦးဖြစ်ရန် သတ်မှတ်သည့် အရည်အချင်းရှယ်ယာ (Qualifying Shares) ကို ပိုင်ဆိုင်ရန် လိုအပ်ပါသည်။

mgyoe.com

## ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များ

ကုမ္ပဏီ၏လုပ်ငန်းအဝဝကို ဒါရိုက်တာများက စီမံခန့်ခွဲရမည်။ ကုမ္ပဏီမှတ်ပုံတင်ရေးအတွက် ကုန်ကျစရိတ်အားလုံးကိုလည်း ဒါရိုက်တာများက ကျခံရသည်။ ဒါရိုက်တာလူကြီးများသည် ၎င်းတို့အထဲမှ တစ်ဦးကို အုပ်ချုပ်မှု ဒါရိုက်တာ (Managing Director) အဖြစ် ရွေးချယ်ခန့်ထားရသည်။ ၎င်းအုပ်ချုပ်မှု ဒါရိုက်တာအား ရွေးချယ်တာဝန်ပေးသည့် ကာလအပိုင်းအခြားနှင့် ချီးမြှင့်ငွေ (လစာသို့မဟုတ် ကော်မရှင်အဖြစ်သော်လည်းကောင်း၊ အမြတ်အစွန်းတွင် မည်သည့်အတိုင်းအတာအထိ ပါဝင်ခံစားစေခြင်းဖြင့်သော်လည်းကောင်း) ကို သတ်မှတ်ရသည်။

ဒါရိုက်တာလူကြီးများက ကုမ္ပဏီလုပ်ငန်းအတွက် ငွေချေးငှားခြင်း (သို့မဟုတ်) အစုရှယ်ယာထုတ်ဝေခြင်းအတွက် အခြားနည်းဖြင့် ငွေရှာပေးခြင်းတစ်ရပ်ရပ်သည် အထွေထွေအစည်းအဝေး၏ ခွင့်ပြုချက်မရှိဘဲ ကုမ္ပဏီကထုတ်ဝေပေးထားသော အစုရှယ်ယာတန်ဖိုးထက် မည်သည့်အခါမှ မပိုစေရပါ။

ဒါရိုက်တာလူကြီးများသည် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်။ အထူးသဖြင့် အောက်ပါပြဋ္ဌာန်းချက်များကို လိုက်နာရန် လိုအပ်ပါသည်။

(က) ကုမ္ပဏီ၏ ပစ္စည်းပိုင်ဆိုင်မှုကို ထိခိုက်စေနိုင်သော အပေါင်အနှံကိစ္စများ (Mortgages) ကို မှတ်ပုံတင် စာရင်းတင်သွင်းခြင်း

(ခ) ဒါရိုက်တာလူကြီးများ၏ စာရင်းကို ကုမ္ပဏီမှတ်ပုံတင်ရုံးသို့ ပေးပို့ရခြင်း

(ဂ) နှစ်စဉ် အစုရှယ်ယာရှင်များ၏ စာရင်းကို ကုမ္ပဏီမှတ်ပုံတင်ရုံးသို့ ပေးပို့ရခြင်း

(ဃ) အစုရှယ်ယာ မတည်ရင်းနှီးငွေ (Share Capital) တိုးခြင်းကိစ္စ အစုရှယ်ယာကို စတော့ (Stock) အဖြစ် ပြောင်းလဲခြင်းကိစ္စ၊ အထူးအစည်းအဝေးဆုံးဖြတ်ချက် (Special Resolution) များနှင့် ဒါရိုက်တာလူကြီးပြောင်းလဲခြင်း ကိစ္စများကို ကုမ္ပဏီများမှတ်ပုံတင်ရုံးသို့ ပေးပို့ခြင်းကိစ္စ။

ဒါရိုက်တာလူကြီးများသည် အောက်ပါကိစ္စရပ်များအတွက် အစည်း

mgyoe.com

mgyoe.com

အစည်းအဝေးမှတ်တမ်း (Minutes) များထားရှိရမည်-

(က) ဒါရိုက်တာလူကြီးများက ကုမ္ပဏီ၏အရာရှိများ ခန့်ထားခြင်းကိစ္စ

(ခ) ဒါရိုက်တာလူကြီးများအစည်းအဝေးသို့ တက်ရောက်ကြသောဒါရိုက်တာများအမည်စာရင်း

(ဂ) အစည်းအဝေးအသီးသီး၏ အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ချက်များ

ဒါရိုက်တာလူကြီးများသည် မိမိတို့တက်ရောက်ခဲ့သော အစည်းအဝေးများတွင် အစည်းအဝေးမှတ်တမ်း၌ မိမိတို့အမည်နှင့် ယှဉ်တွဲ၍ အစည်းအဝေး တက်ရောက်ကြောင်း လက်မှတ်ရေးထိုးကြရမည်။

## ဒါရိုက်တာလူကြီးများ၏ အရည်အချင်းပျက်ယွင်းမှုများ

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ပထမစာရင်းဇယား (က) (The First Schedule, Table A) စည်းမျဉ်း-၇၇ အရ အောက်ပါကိစ္စရပ်များသည် ဒါရိုက်တာလူကြီးများ၏ အရည်အချင်းပျက်ယွင်းမှု (Disqualifications of Directors) ဟုသတ်မှတ်ပြီး ၎င်းအတွက် ဒါရိုက်တာလူကြီးတာဝန်မှ ရပ်စဲရမည်-

(က) ဒါရိုက်တာလူကြီးဖြစ်ရန် အရည်အချင်းသတ်မှတ်ချက်ရှယ်ယာ (Qualifying Shares)ကို မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၈၄(၁) အရ ပြည့်မီအောင် ဆောင်ရွက်ရန်ပျက်ကွက်ခြင်း၊

(ခ) တရားရုံးမှ စိတ်မနှံ့သူ (Unsound Mind) အဖြစ် စီရင်ချက်ချခံရခြင်း၊

(ဂ) လူမွဲအဖြစ်ခံရခြင်း (Insolvent)

(ဃ) ကုမ္ပဏီတွင်ယူထားသောရှယ်ယာများအတွက် တောင်းခံငွေများကို (၆) လကျော်သည့်အထိပေးဆောင်ရန်ပျက်ကွက်ခြင်း၊

(င) အထွေထွေအစည်းအဝေးမှ ခွင့်ပြုချက်မရှိဘဲ ကုမ္ပဏီမှ တရားမဝင်သောအမြတ်အစွန်းလက်ခံရယူခြင်း (သို့မဟုတ်) အမြတ်အစွန်းရနိုင်သောလုပ်ငန်းကို ရယူခြင်း၊

(စ) ဒါရိုက်တာလူကြီးအစည်းအဝေးများကို ၃-ကြိမ်ဆက်တိုက် ခွင့်

mgyoe.com

mgyoe.com

မတိုင်ဘဲ ပျက်ကွက်ခြင်း (သို့မဟုတ်) ၃ လဆက်တိုက် ပျက်ကွက်ခြင်း၊

(ဆ) ကုမ္ပဏီမှ မိမိအတွက် ချေးငွေရယူခြင်း၊

(ဇ) အကျိုးအမြတ်ရရှိစေသော ကန်ထရိုက်စာချုပ်ကို ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခြင်း (သို့မဟုတ်) ပါဝင်ပတ်သက်ခြင်း၊

(ဈ) ထောင်ဒဏ် (၆) လထက်ကျော်သော အပြစ်ကျခံရခြင်း၊

**အလှည့်ကျဒါရိုက်တာစနစ်**

ကုမ္ပဏီ၏ စီမံခန့်ခွဲမှုအဝဝကို ဒါရိုက်တာများက ကြီးကြပ်စီမံခန့်ခွဲသွားကြရပါသည်။ သို့ရာတွင် ကုမ္ပဏီဒါရိုက်တာများကို ရွေးချယ်တင်မြှောက်ကြရာတွင် အများနှင့်ဆိုင်သောကုမ္ပဏီ (Public Company) များတွင် နှစ်စဉ်အလှည့်ကျ ရွေးချယ်တင်မြှောက်သော (Rotation of Directors) စနစ်ကို ကျင့်သုံးသွားကြရပါသည်။

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဉပဒေပထမစာရင်း၊ ဇယား(က) (The First Schedule Table A) စည်းမျဉ်း(၇၈) တွင် ပထမဦးဆုံး အကြိမ်ကျင်းပသော သာမန်အစည်းအဝေး (Ordinary Meeting) တွင် ကုမ္ပဏီ၏ လက်ရှိဒါရိုက်တာများအားလုံး နုတ်ထွက်ပေးရမည်။ နောက် နှစ်စဉ်ကျင်းပသောသာမန်အစည်းအဝေးများတွင် ဒါရိုက်တာလူကြီးများ အရေအတွက်၏ သုံးပုံတစ်ပုံက နုတ်ထွက်ပေးရပါသည်။

နှစ်စဉ်နုတ်ထွက်ပေးရသော ဒါရိုက်တာများမှာ ကုမ္ပဏီတွင် သက်တမ်းအရှည်ဆုံးဒါရိုက်တာများက နုတ်ထွက်ပေးရသည်။ သို့ရာတွင် နုတ်ထွက်သွားသော ဒါရိုက်တာများသည်လည်း ဒါရိုက်တာလူကြီးအဖြစ် ပြန်လည် ရွေးချယ်ခံပိုင်ခွင့်ရှိပါသည်။ နုတ်ထွက်သွားသော ဒါရိုက်တာလူကြီးများနေရာတွင် ဒါရိုက်တာအသစ်များကို အထွေထွေအစည်းအဝေးကြီး၌ အစားထိုးရွေးချယ်တင်မြှောက်ကြရသည်။ ဒါရိုက်တာအသစ်ရွေးချယ်ရာတွင် နုတ်ထွက်သွားသော ဒါရိုက်တာများသည်လည်း ပြန်လည်ရွေးချယ်ခံခွင့်ရှိသည်ကို ဆိုလိုပါသည်။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အခန်း(၃)
## အထွေထွေအစည်းအဝေးများ

ကုမ္ပဏီများ စီမံခန့်ခွဲအုပ်ချုပ်ရာတွင် ကုမ္ပဏီများတွင် ကျင်းပရသော အထွေထွေအစည်းအဝေးကြီးများမှာလည်း အရေးပါအရာရောက်ကြသည်။ ကုမ္ပဏီ၏ကိစ္စအဝဝကို နှစ်စဉ်ကျင်းပသော အထွေထွေအစည်းအဝေးကြီးများတွင် တင်ပြဆုံးဖြတ်ချက်ရယူကာ ကုမ္ပဏီအရေးကိစ္စများကို ဆောင်ရွက်ကြရပါသည်။ ထိုကဲ့သို့ အစည်းအဝေးကျင်းပရေးကိစ္စများကို မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအရ ဆောင်ရွက်ရမည့်နည်းလမ်းများ သတ်မှတ်ထားပါသည်။

ကုမ္ပဏီလုပ်ငန်းစတင်ဆောင်ရွက်သည့်နေ့မှ (၆) လအတွင်း ဥပဒေအရ အစည်းအဝေး(Statutory Meeting) ကိုပြုလုပ်ရကြောင်း ရှေ့တွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ပထမစာရင်းဇယား (က) (The First Schedule, Table A) ၏ စည်းမျဉ်းအပိုဒ် (၄၆)အရ ကုမ္ပဏီစတင်ဖွဲ့စည်းပြီးသည့်အချိန်မှ (၁၈) လအတွင်း အထွေထွေအစည်းအဝေး (General Meeting) ကို ကျင်းပပြုလုပ်ရပါသည်။ ထို့နောက် (၁) နှစ်လျှင် တစ်ကြိမ်ကျ (နောက်ဆုံးပြုလုပ်ခဲ့သော အထွေထွေအစည်းအဝေးမှ ၁၅ လအတွင်း) ကျင်းပပြုလုပ်ရပါသည်။ ဤကဲ့သို့သော အထွေထွေ အစည်းအဝေးများကို သာမန်အစည်းအဝေး (Ordinary Meeting) ဟုခေါ်သည်။ ၎င်းအစည်းအဝေးမဟုတ်သော အခြားအထွေထွေ အစည်းအဝေးများကို အထူးအစည်းအဝေးများ (Extra ordinary Meeting) ဟုခေါ်သည်။

mgyoe.com

mgyoe.com

**အထူးအထွေထွေအစည်းအဝေး**

ဒါရိုက်တာများသည် သူတို့သင့်လျော်သည်ထင်သည့်အခါတွင် အထူးအထွေထွေအစည်းအဝေးကို ခေါ်ယူနိုင်ပါသည်။ အထူးအထွေထွေ အစည်းအဝေးကို ထုတ်ဝေထားသော အစုရှယ်ယာ၏ ၁၀% ပိုင်ဆိုင်သော အစုရှင်များက တောင်းဆိုလာပါက ဒါရိုက်တာများက အထူးအထွေထွေအစည်းအဝေးကို ခေါ်ယူပေးရမည်။ တောင်းဆိုချက်တွင် အစည်းအဝေး ပြုလုပ်ရန် ရည်ရွယ်ရင်းအကြောင်းအချက်များကို ဖော်ပြရမည့်အပြင် တောင်းဆိုသူများက လက်မှတ်ရေးထိုး၍ ကုမ္ပဏီမှတ်ပုံတင်စာရင်း တင်သွင်းထားသည့် အလုပ်တိုက်သို့ပေးပို့ထားရမည်။

တောင်းဆိုချက်များကို တင်သွင်းသည့်နေ့ရက်မှ (၂၁) ရက်အတွင်း ဒါရိုက်တာလူကြီးများက အစည်းအဝေးပြုလုပ်ရန် စီမံပေးရသည်။ အစည်းအဝေးပြုလုပ်ရန်ပျက်ကွက်ပါက တောင်းဆိုသူများထဲမှ ရှယ်ယာအများစု ပိုင်ဆိုင်သူတို့က ၎င်းတို့ကိုယ်တိုင် အစည်းအဝေးပြုလုပ်နိုင်သည်။ ၎င်းအစည်းအဝေးကို တောင်းဆိုချက်တင်သွင်းသော နေ့ရက်မှ (၃) လအတွင်း ပြုလုပ်ရသည်။

**အထွေထွေအစည်းအဝေးတွင် ဆောင်ရွက်ပုံနည်းစနစ်**

သာမန်အထွေထွေအစည်းအဝေးများ ကျင်းပရန်အတွက် အစည်းအဝေးပြုလုပ်မည့်အကြောင်းကြားစာကို (၁၄) ရက် ကြိုတင်အကြောင်းကြားရမည်။ အကြောင်းကြားသည့် အစည်းအဝေးဖိတ်စာတွင်ကျင်းပမည့် နေ့ရက်၊ ကျင်းပမည့်အချိန်နှင့် ကျင်းပမည့်နေရာများကို ဖော်ပြရမည့်အပြင် အစည်းအဝေးပြုလုပ်ရသည့် လုပ်ငန်းအကြောင်းအရာများကို ပြည့်ပြည့်စုံစုံဖော်ပြ၍ အစုရှယ်ယာရှင်အားလုံးသို့ ဖိတ်ကြားရမည်။ အထူးအစည်းအဝေး ဆုံးဖြတ်ချက် (Extra ordinary Resolution) ချမှတ်ရန်လိုအပ်သော အထွေထွေအစည်းအဝေးအတွက်ကိုမူ အစည်းအဝေးပြုလုပ်မည့်အကြောင်းကြားစာကို (၂၁) ရက်ကြိုတင်၍ ဖိတ်ကြားရမည်။ အထူးအစည်းအဝေးဆုံးဖြတ်ချက်ကို ချမှတ်ရာတွင် အစည်းအဝေးတွင် မဲပေးပိုင်ခွင့်ရှိသူ၏လေးပုံသုံးပုံက သဘောတူမှ ဆုံးဖြတ်ချက်အတည်ဖြစ်သည်။

အထွေထွေအစည်းအဝေးကြီးများတွင် အနည်းဆုံးတက်ရောက်

mgyoe.com

mgyoe.com

ရမည့်သူအရေအတွက်သတ်မှတ်ချက် (Quorum) မပြည့်မီပါက အစည်းအဝေးမဖြစ်မြောက်သဖြင့် အစည်းအဝေးတွင် မည်သည့်အမှုကိစ္စကိုမှ ဆောင်ရွက်ခွင့်မရချေ။ အကယ်၍ တက်ရောက်ရမည့်သူအရေအတွက် သတ်မှတ်ချက်(Quorum) သီးခြားသတ်မှတ်ထားခြင်းမရှိပါက(Private Company) တွင် အဖွဲ့ဝင်နှစ်ဦးတက်ရောက်လျှင်သော်လည်းကောင်း၊ (Private Company) မဟုတ်သော အခြားကုမ္ပဏီများတွင် အဖွဲ့ဝင်(၅)ဦး တက်ရောက်လျှင်သော်လည်းကောင်း၊ အစည်းအဝေးထမြောက်သည်ဟု ယူဆနိုင်ပါသည်။

အစည်းအဝေးပြုလုပ်ရန် သတ်မှတ်ထားသော အချိန်ထက် နာရီဝက်ကျော်သည့်အထိ အစည်းအဝေးတက်ရောက်ရမည့် (Quorum) မပြည့်မီပါက အစုရှင်များက တောင်းဆိုချက်အရခေါ်သော အစည်းအဝေးဖြစ်လျှင် အစည်းအဝေးကို ဖျက်သိမ်းရမည်။ အခြားကိစ္စများတွင်မူ အစည်းအဝေးကို နောက်တစ်ပတ် တူညီသောနေ့၊ တူညီသောအချိန်၊ တူညီသောနေရာသို့ ပြောင်းရွှေ့ချိန်းဆိုရမည်။ ၎င်းရွှေ့ဆိုင်းထားသောနေ့ရက်နှင့် အချိန်များတွင်လည်း အစည်းအဝေး (Quorum) မပြည့်မီပါက တက်ရောက်လာသမျှ အဖွဲ့ဝင်များနှင့်ပင် အစည်းအဝေး ပြုလုပ်ရမည်။

အထွေထွေအစည်းအဝေးတွင် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌက အစည်းအဝေးသဘာပတိအဖြစ် ဆောင်ရွက်ရသည်။ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ မရှိလျှင်သော်လည်းကောင်း၊ အစည်းအဝေးသို့ မတက်ရောက်လျှင်သော် လည်းကောင်း၊ သဘာပတိအဖြစ် ဆောင်ရွက်ရန်ဆန္ဒမရှိလျှင်သော်လည်းကောင်း၊ အစည်းအဝေးတက်ရောက်လာသော အဖွဲ့ဝင်များထဲမှတစ်ဦးကို သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ရမည်။

အထွေထွေအစည်းအဝေးကြီးတွင် ဆုံးဖြတ်ချက်တစ်ခု ချမှတ်ရန်အတွက် မဲခွဲရာတွင် တက်ရောက်သူများက လက်ထောင်ပြ၍ မဲခွဲနိုင်သည်။ သို့ရာတွင် အဖွဲ့ဝင် (၃) ဦးက မဲပြားစနစ် (Poll) ဖြင့်ကျင့်သုံး၍ မဲခွဲရန် တောင်းဆိုလာပါက အစည်းအဝေးသဘာပတိ၏ ခွင့်ပြုချက်ရယူ၍ မဲပြားစနစ်ဖြင့် မဲခွဲဆုံးဖြတ်ရမည်။ ထိုသို့ မဲခွဲရာ၌ မဲအရေအတွက်တူညီနေပါက သဘာပတိက ဒုတိယမဲ (သို့မဟုတ်) အဆုံးအဖြတ်မဲကိုပေး၍ ဆုံးဖြတ်နိုင်သည်။

mgyoe.com